# ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ချမ်းသာကြွယ်ဝသောဘဝသို့ အတူကူးပြောင်းသွားကြစို့

အယ်ဒီတာအညွှန်း-

တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်သည် (၂၀၁၈)ခုနှစ် နှစ်ကူးမင်္ဂလာစကားပြောကြားသည့်အခါတွင် ပြောကြားခဲ့သည့် "ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံကိန်းကို အချိန်မီနိုင်အောင် ဆောင်ရွက်ကြပါစို့" ဟုဆိုထားသည့်အတိုင်း တရုတ်အမျိုးသားတို့သည် နှစ်ပေါင်းထောင်ချီကြာခဲ့ပြီးသော ဖွံ့ဖြိုးတိုးတက်မှုသမိုင်းတွင် ပထမဦးဆုံးအကြိမ် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကို အကောင်အထည်ဖော်ဆောင်နေခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းဆင်နွှဲနေသော စစ်ဆင်ရေးနယ်မြေတစ်ခုအဖြစ်ပါဝင်နေသည့် ယူနန်ပြည်နယ်သည် စိန်ခေါ်မှုများအကြား အံ့ဖွယ်များကို အဆက်မပြတ်ဖန်တီးနေပါသည်။ ယခုစာစောင်ထဲတွင် အမှန်ဖြစ်ပျက်နေသော၊ အနက်အဓိပ္ပာယ်လေးနက်သော ဆင်းရဲနွမ်းပါးမှုလျှော့ချရေးပုံပြင်များကို ဖော်ပြသွားမည်ဖြစ်သည်။

## "ဆင်းရဲသောနေအိမ်မှရွှေ့ပြောင်း" ပြီး ချမ်းသာစွာနေထိုင်ခြင်း

နွေဦးရာသီရောက်စအချိန်ကာလတွင် ယူနန်ပင်ချွန်တာဖင်တီဆင်းရဲနွမ်းပါးမှုလျှော့ချစေရန် နေရာချပေးသည့် စခန်းသို့ဝင်ကြည့်လိုက်သောအခါ စနစ်တကျနေရာချထားသော သစ်လွင်နေသောတိုက်အသစ်များ၊ စနစ်တကျဖွဲ့စည်းထားသောကျေးရွာများ၊ သန့်ရှင်းစင်ကြယ်သောလမ်းများ၊ ခြံဝင်းများ၊ ပန်းမန်များ၊ ခြံစည်းရိုးများနှင့်မိုးပြာပြာတိမ်ဖြူဖြူများ အပြန်အလှန်ရောနှောထင်ဟပ်ပြီး ပန်းချီကားချပ်တစ်ချပ်ကဲ့သို့ လှပနေပုံကို ကျွန်တော်တို့တွေ့ခဲ့ဖူးပါသည်။

"အိမ်သစ်ထဲသို့ပြောင်းလာတာ နှစ်ဝက်လောက်ကြာသွားပါပြီ။ အိပ်မက်မက်နေသလိုပဲခံစားရမိပါတယ်။"ဟု ရွာသားလီစူကျင်က သတင်းထောက်ကိုပြောကြားသွားပါသည်။ သူ၏ဇာတိမြေသည် ပင်ချွမ်ခရိုင် တုံစိန်ကျေးရွာကော်မတီဖြစ်သည်။ ခရိုင်မြို့သို့သွားလိုလျှင်သုံးနာရီ၊ လေးနာရီခန့်ကြာပါသည်။ လူဖြင့်ကုန်းပိုးခြင်း၊ မြင်းဖြင့်သယ်ပို့ခြင်းစသည့်နေရာများကိုလည်း ဖြတ်သန်းသွားရသေးသည်။ ကလေးငယ်များကျောင်းသွားသော် (၁)နာရီကြာလမ်းလျှောက်ရပါသည်။ ဆေးကုသခံယူခြင်းအတွက်လည်းအဆင်မပြေပါ။ ယခုမှာမူ ဆင်းရဲနွမ်းပါးသောတောင်အတွင်းမှ ရွှေ့ပြောင်းထွက်လာခဲ့ပြီး နေထိုင်မှုဘဝက ပိုမိုပြီးပြည့်စုံလာပြီဖြစ်သည်။

ရွှေ့ပြောင်းသူ အမျိုးသမီးလောယူကျိန်ကထိုကဲ့သို့ပြောသည်။ သူတို့တတွေသည် နေအိမ်အသစ်များကို ပိုင်ဆိုင်နိုင်သည်သာက အစိုးရက တောင်ကုန်းမြေများ၊ မြေလွတ်မြေလပ်များကို စိုက်ပျိုးမြေအဖြစ်ပြုပြင်ပြောင်းလဲပေးပြီး လူတစ်ဦးလျှင်(၂)မူနှုန်းဖြင့် ရွာသူရွာသားများအားခွဲဝေပေးသည်။ မြေပိုင်ဆိုင်ပြီးနောက် နေရာထိုင်ခင်းပြောင်းရွှေ့ခြင်းအတွက် စိတ်ပူပန်မှုများမရှိအောင်ဆောင်ရွက်ပေးထားသည်။ နေစွမ်းအင်သုံး photovoltaic power generation လုပ်ငန်းကြောင့်နှစ်တိုင်းဝင်ငွေတရုတ်ယွမ်(၃၀၀၀)ကျော်ရရှိနိုင်သည်။

"ဒီနေရာဒေသမှာ ရွှေ့ပြောင်းအိမ်ထောင်(၉၈)အိမ်ထောင်၊ လူဦးရေ(၃၅၈)ဦးရှိပါတယ်၊ သူတို့တတွေအများစုက အရမ်းဆင်းရဲတဲ့၊ အေးချမ်းတဲ့ကုန်းမြင့်ဒေသဖြစ်တဲ့ ကျင်ရှာမြစ်ကမ်းနားဘေး၊ ရောက်ရှိလာကြသူများ ဖြစ်ကြတယ်။ ပျှမ်းမျှအားဖြင့် ရွှေ့ပြောင်းတဲ့အကွာအဝေးဟာ (၁၀၀)ကီလိုမီတာရှိတယ်။" ပင်ချွမ်ခရိုင်မှ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနဌာနမှူးဝမ်ချွမ်မင်က ပြောပါသည်။ ရွှေ့ပြောင်းသွားပြီးနောက် တည်ငြိမ်စွာနေထိုင်နိုင်ရန်၊ လူအားလုံးဖြည်းဖြည်းချင်းချမ်းသာလာအောင်လုပ်ဆောင်ရန်လိုသေးသည်။ ထို့ကြောင့် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာအောင် "အားသာချက်အားနည်းချက်များကိုပေါင်းစပ်ခြင်း၊ ရေရှည်လုပ်ငန်းကိုရေတိုလုပ်ငန်းဖြင့် လည်ပတ်ခြင်း"စနစ်ကို ကျင့်သုံးသည်။ တစ်ဘက်တွင် သလဲသီးပင်များကိုစိုက်ပျိုးသည်။ ထို့ပြင်ရက်တိုစိုက်ပျိုးသီးနှံကြက်သွန်များစိုက်ပျိုးရန်မြေများကို ယူဖူကုမ္ပဏီအား တစ်မူလျှင် တရုတ်ယွမ်ငွေ (၈၀၀)ဖြင့်ငှားရမ်းပေးပြီး ဆင်းရဲနွမ်းပါးသောအိမ်ထောင်များအတွက် ဝင်ငွေတိုးစေသည်။ ထို့အတူလုပ်အားခဝင်ငွေများကိုလည်းရရှိစေသည်။ တစ်ဘက်တွင် ရွှေ့ပြောင်းနေထိုင်ရာဒေသတွင် ချမှတ်ပေးထားသော မြေ(၁၀)မူကိုအသုံးပြုပြီး (၃၃၀)ကီလိုဝပ်ရှိသော နေစွမ်းအင်ဖြင့်လျှပ်စစ်ထုတ်လုပ်မှုစက်ရုံ (Photovoltaic power generationစခန်း)ကို တည်ဆောက်ပေးထားသည်။ အကျိုးအမြတ်ဖြစ်ထွန်းသော စိုက်ပျိုးရေး၊ အထွေထွေစီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ခြင်းဖြင့် ကျေးရွာအတွင်းစီးပွားရေးများဖြစ်ထွန်းစေခြင်း၊ ရွာသူရွာသားများဝင်ငွေရရှိစေခြင်းကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သည်။

ပင်ချွမ်သည် အလယ်အာရှအပူပိုင်းဇုန်ဆောင်းရာသီတွင် ခြောက်သွေ့ခြင်း၊ နွေရာသီတွင်စိုစွတ်ခြင်းလတ္တိတွဒ်နိမ့်သော ကုန်းမြင့်မုတ်သုန်ရာသီဉတုဇုန်ထဲတွင် ပါဝင်သည်။ နေစွမ်းအင်အရင်းအမြစ်ကြွယ်ဝသည်။ photovoltaic power generation နေစွမ်းအင်ဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ရန်သင့်တော်ပါသည်။ "နေစွမ်းအင်ဖြင့်လျှပ်စစ်ထုတ်လုပ်ခြင်းစီမံကိန်း တည်ဆောက်ပြီးစီးခြင်းက ဘေးပတ်လည်အနီးတဝိုက်မှာရှိတဲ့ မူပေါင်းသောင်းနဲ့ချီတဲ့ သိပ္ပံနည်းကျစိုက်ပျိုးရေးလုပ်ငန်းများ၊ အချိန်မီသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို အကျိုးဖြစ်ထွန်းစေလိမ့်မယ်။ ခရီးသွားလာခြင်း၊ မွမ်းမံသင်တန်းများကျင်းပခြင်း၊ ခရီးသွားလည်ပတ်ခြင်း၊ စိုက်ပျိုးရေးစတာတွေကို တစ်သားတည်းဖြစ်နေတဲ့ "စိုက်ပျိုးရေး၊ ခရီးသွားလာရေးအပြန်အလှန်ဖြည့်ဆည်းပေးခြင်း စံပြစီမံကိန်းဖြင့် ဆင်းရဲနွမ်းပါးတဲ့အိမ်ထောင်စုများကိုဝင်ငွေတိုးပွားလာစေပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချပပျောက်ရေးကို အရင်းအမြစ်မှ ဖယ်ရှားပေးသွားမယ်ဖြစ်တယ်။" ဟု ဝမ်ချွမ်မင်က မိတ်ဆက်ပြောကြားပါသည်။

ပင်ချွမ်ခရိုင်သည်နေထိုင်မှုအဆောက်အဦးများတည်ဆောက်ခြင်းနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ထောက်ပံ့ငွေဖြင့် အိမ်ထောင်စုပေါင်း(၆၈၀၀) လူဦးရေပေါင်း(၂၂၈၀၀)အတွက် နေထိုင်မှုအာမခံနှင့် ကျေးရွာအတွင်းအန္တရာယ်ရှိသော အဆောက်အဦးများ ပြုပြင်ပြောင်းလဲခြင်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ခဲ့ကြောင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် သင့်တော်သောနေရာသို့ပြောင်းရွှေ့နေထိုင်နေရာချထားခြင်းဇုန်(၂၄)နေရာတည်ဆောက်ကြောင်း၊ အိမ်ထောင်စု(၉၂၀)နှင့် လူဦးရေပေါင်း(၃၅၈၆)ဦးကို ရွှေ့ပြောင်းနေထိုင်မှုများအတွက် အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ကြောင်း အန္တရာယ်ရှိသောနေအိမ်တွင်မည်သူမျှနေထိုင်ခြင်းမပြုရန် အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း ပင်ချွမ်ခရိုင်ဒုခရိုင်ဝန်ချိန်ယွမ်ကျိုမှ ပြောကြားခဲ့ပါသည်။

သတင်းထောက် ကွမ်ယုစု

"ခရီးသွားလာရေး"

## "ယူနန်လည်ပတ်ခြင်း" APP အွန်လိုင်းပေါ်သို့တင်ပြီး စမ်းသပ်အသုံးပြုရန် စတင်ဆောင်ရွက်ခြင်း

ယခုရက်ပိုင်းတွင် "ယူနန်လည်ပတ်ခြင်း" APPကို အွန်လိုင်းပေါ်သို့တင်ပြီး စမ်းသပ်အသုံးပြုခြင်းများ ဆောင်ရွက်နေကြောင်းသိရပါသည်။ အဆိုပါဆော့ဝဲလ်သည် ယူနန်ပြည်နယ်အစိုးရနှင့် Tencentကုမ္ပဏီတို့မှ အတူတကွပူးပေါင်းထုတ်ဖော်ထားသော တရုတ်နိုင်ငံအတွင်း ပထမဆုံးသော ပြည်နယ်အဆင့် All-for-one ခရီးသွားစမတ်ပလက်ဖောင်း "လက်ကိုင်ဖုန်းတစ်လုံးဖြင့် ယူနန်သို့လည်ပတ်ခြင်း"အတွက် ပထမပိုင်းအချိန်ကာလ၏ရလဒ်ဖြစ်သည်။ "လက်ကိုင်ဖုန်းတစ်လုံးဖြင့် ယူနန်သို့လည်ပတ်ခြင်း" သွားမည်ဆိုလျှင် ချက်ချင်းသွားနိုင်သည်။ ခရီးစဉ်တစ်ခုလုံးစိတ်ပူစရာမလိုအပ်တော့ပေ။ "ယင်းအစီအစဉ်သည် အခြေခံအားဖြင့် အကောင်အထည်ဖော်နိုင်စွမ်းရှိပြီဖြစ်သည်။

ယခုလက်ရှိအချိန်တွင် လက်ကိုင်ဖုန်းအသုံးပြုသူများသည် မိမိ၏ဖုန်းစတိုးအသီးသီးတွင် "ယူနန်လည်ပတ်ခြင်း" APPကို Downloadဆွဲပြီး အသုံးပြုနိုင်ပြီဖြစ်သည်။ ဖိတ်ခေါ်ဘားကုတ်များလျှောက်ထားရန် မလိုအပ်တော့ပေ။




လွန်ခဲ့သောအချိန်ကာလတွင် စမ်းသပ်မှုဗားရှင်းကိုမတ်လ(၂)ရက်နေ့ပေကျင်းမြို့ကုန်ပစ္စည်းမိတ်ဆက်ပွဲတွင် မိတ်ဆက်ပေးခဲ့ပြီဖြစ်သည်။ ယခုအချိန်ထိတိုင် အစမ်းကာလ၊ ပြောင်းလဲခြင်းနှင့် ပြီးပြည့်စုံအောင်ဆောင်ရွက်ခြင်း အချိန်ကာလ(၃)လကို ဖြတ်သန်းခဲ့ပြီဖြစ်သည်။ "ယူနန်လည်ပတ်ခြင်း သင်တွေ့သမျှကို ဖော်ပြခြင်း"၊ "ယူနန်လည်ပတ်ခြင်း၊ အိမ်သာရှာဖွေခြင်း"၊ "ယူနန်လည်ပတ်ခြင်း ရှုခင်းသာဒေသ"၊ "ယူနန်လည်ပတ်ခြင်း လက်မှတ်ဝယ်ခြင်း"၊ "ယူနန်လည်ပတ်ခြင်း ရှုခင်းသာနေရာ မိတ်ဆက်လမ်းညွှန်ခြင်း"၊ "ယူနန်လည်ပတ်ခြင်း၊ စကင်ဖတ်ရန်မလိုသောအဝေးပြေးလမ်းမ"၊ "ယူနန်လည်ပတ်ခြင်းစမတ်ကျစွာ ကားရပ်နားခြင်း"စသည့် wechat အစီအစဉ်(၇)ခုကို အွန်လိုင်းတင်လိုက်ပြီဖြစ်ကြောင်း သိရပါသည်။ APPကို ဘက်စုံမှစမ်းသပ်ပြီးအသုံးပြုနေသည့် အချိန်ကာလအတောအတွင်း "သင်၏ကူညီမှုကြောင့်ကျွန်တော်ကြီးထွားလာခြင်း" အစီအစဉ်ကို ကျင်းပသွားမည်ဖြစ်သည်။ အသုံးပြုသူများ၏ သုံးစွဲမှု သုံးသပ်အကြံပြုချက်များကို




လိုက်လံစုစည်းသွားမည်ဖြစ်ပြီး ပိုမိုပြီးပြည့်စုံသွားအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

"ယူနန်လည်ပတ်ခြင်း" APP သည် ယူတွက်ချက်ခြင်းစနစ်၊ Database စနစ်၊ လူဖြင့်ဖန်တီးထားသောစမတ်စွမ်းအင်၊ လူမျက်နှာကိုစကင်ဖတ်ခြင်း၊ Applets၊ Tencent Cloud၊ Wechat Pay စသည့် အဓိကနည်းပညာများဖြင့် ဟိုတယ်၊ စားသောက်ဆိုင်၊ ရှုခင်းသာ၊ စီးပွားရေးစသည့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းချိန်းကြိုးတစ်ခုလုံးကိုချိတ်ဆက်လိုက်ပြီး ခရီးသွားဧည့်သည်တော်များအတွက် ခရီးမသွားမီ၊ ခရီးသွားနေဆဲ၊ ခရီးသွားပြီးသောအချိန်ကာလအားလုံးအတွက် ဝန်ဆောင်မှုများကို ပေးအပ်နိုင်ပြီဖြစ်ပါသည်။ ယခုလက်ရှိအချိန်တွင် ဟိုတယ်(၃၅၀၀)၊ စားသောက်ဆိုင်(၄၀၀၀)၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း(၆၉၀)၊ ဧည့်လမ်းညွှန်(၄၃၀၀)ကိုပလက်ဖောင်းမှစိစစ်ပြီး အွန်လိုင်းတင်ခွင့်ပြုထားပြီဖြစ်သည်။

သတင်းထောက်၊ ကျူဟိုင်၊ လျိုကျိယူ